PARKVIEW
HEALTH LABORATORIES
lab.parkview.com

# Rota ဗိုင်းရပ်စ်ပါဝင်သော ဝမ်းစုဆောင်းပုံ

၁။ ဝမ်းနမူနာကို သန့်စင်သော တစ်ခါသုံး ခွက်တွင် တာရှည်ခံဆေး (သို့) ချေးချွတ်ဆေးများ မဖြည့်စွက်ပဲ စုဆောင်းသင့်ပါသည်။

၂။ ဝမ်းစုဆောင်းမှုပြီးလျှင် လက်ဆေးပါ။

၃။ နမူနာတွင် လူနာ၏ တရားဝင်နာမည်အပြည့်အစုံ ၊ မွေးနေ့၊ စုဆောင်းသည့် နေ့ရက်နှင့် အချိန် စသည်တို့ပါသည့် တံဆိပ်ကို ကပ်ပေးသင့်ပါသည်။

၄။ ဝမ်းနမူနာကို စစ်ဆေးရန် တတ်နိုင်သမျှ အစောဆုံး ဓာတ်ခွဲခန်းသို့ ပြန်ပို့ပါ။ သို့မဟုတ် ၇၂နာရီထက် မကြာစေပဲ အအေးခံထားနိုင်ပါသည်။

ကလေးလူနာများအတွက်

၁။ဝမ်းကို ဒိုင်ပါမှ စုဆောင်းနိုင်ပါသည်။

(က) ဝမ်းအတုံးအခဲကို ပိုးသတ်ထားသော ဂွမ်းကလော်တံ (သို့) သစ်သားချောင်းဖြင့် သန့်စင်သော ခွက်ထဲသို့ ကလော်ထည့်နိုင်ပါသည်။

(ခ) ဝမ်းအရည်ကို ပစ္စည်းထုပ်ပိုးရာတွင် သုံးသော ပလပ်စတစ် အကြည်ပျော့ဖြစ် ဒိုင်ပါတွင် အနားသတ်၍ ကပ်ကာ စုဆောင်းနိုင်ပါသည်။ ဝမ်းနမူနာ ပါသော ပလပ်စတစ်အကြည်ပျော့ကို သန့်စင်သော ခွက်ထဲသို့ ထည့်ပါ။

အကယ်၍ Rotaဗိုင်းရပ်စ် စုဆောင်းပုံနှင့် ပတ်သက်၍ သင့်တွင် မေးခွန်းများ ရှိလာပါက (၂၆၀) ၂၆၆-၁၅၀၀ Option ၁ ရှိ Parkview ကျန်းမာရေး ဓါတ်ခွဲခန်းသို့ တိုက်ရိုက်ခေါ်ဆို နိုင်ပါသည်။